International
Labour
Organization



# အပြန်အလှန် ဆွေးနွေးပြောဆိုခြင်း - အထည်ချုပ်စက်ရုံများတွင် ခိုင်မာသောလုပ်ငန်းခွင်ဆက်ဆံရေးများဖော်ဆောင်ရန်အတွက် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီများ၏ စွမ်းဆောင်ရည်ကို အားကောင်းစေခြင်း

အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးပူးတွဲကော်မတီ(J-OSH) တို့သည် မြန်မာနိုင်ငံအလုပ်သမားဥပဒေအရ ဖွဲ့စည်းထားသော အဓိကအဖွဲ့အစည်းများဖြစ်ကြသည်။ ရည်ရွယ်ချက်မှာ လုပ်ငန်းခွင်အခြေအနေတိုးတက်စေရေး၊ အလုပ်သမားများ၊ ကိုယ်စားလှယ်များနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့တို့ကြား အငြင်းပွါးမှု တားဆီးရေးနှင့် ပြဿနာဖြေရှင်းရေးတို့အတွက် လူမှုဆက်ဆံရေးပိုင်းဆိုင်ရာ ဆွေးနွေးပြောဆိုမှုကို ဆောင်ရွက်ရန် ဖြစ်သည်။ ပိုမိုကောင်းမွန်သော အလုပ်ခွင်ဆက်ဆံရေးနှင့် ဘေးအန္တရာယ်ကင်းသော လုပ်ငန်းခွင်များဖြစ်လာစေရန် ရည်ရွယ်၍ သက်ဆိုင်ရာစက်ရုံများမှ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးပူးတွဲ ကော်မတီ (J-OSH) ကိုယ်စားလှယ်များကို ILO-GIP စီမံကိန်းမှ အမျိုးအစားမတူသော သင်တန်းသုံးခုကို ပို့ချသင်ကြားပေးခဲ့သည်။

အခြေခံအလုပ်သမားအဖွဲ့အစည်းများ†(BLOs)၏ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် အလုပ်သမားကိုယ်စားလှယ်များနှင့် အုပ်ချုပ်ရေးအဖွဲ့ကိုယ်စားလှယ်များအား အပြန်အလှန်ဆွေးနွေးပြောဆိုရာတွင် အကျိုးရှိစွာ ပါဝင်စေရေးသည် ILO-GIP ၏ အဓိကညွှန်ကြားချက်ဖြစ်သည်။ စီမံကိန်းကို အောက်ဖော်ပြပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

- လုပ်ငန်းခွင်ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စုပေါင်းဆွေးနွေးအရေးဆိုခြင်း တို့ကို အဓိကထားပို့ချသော ၁၅ ရက်တာ အပြန်အလှန်ဆွေးနွေးပြောဆိုခြင်း သင်တန်း
- လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးမြှင့်တင်ရေးဆိုင်ရာ ၅ ရက်တာသင်တန်း
- လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု ကာကွယ်ရေးနှင့်ဖြေရှင်းရေးဆိုင်ရာ ၃ ရက်တာသင်တန်း

ILO-GIP သည် စီမံကိန်းတွင်ပါဝင်သော စက်ရုံ ၂၀ ရှိ အခြေခံအလုပ်သမားအဖွဲ့အစည်း၊ အလုပ်သမားကိုယ်စားလှယ်များ နှင့် အုပ်ချုပ်ရေးအဖွဲ့ကိုယ်စားလှယ်များကို သင်ကြားပို့ချပေးခဲ့သည်။ အလုပ်သမားကိုယ်စားလှယ်များ နှင့် အုပ်ချုပ်ရေးအဖွဲ့ကိုယ်စားလှယ်များကြားတွင် ဗဟုသုတရှိမှုအဆင့်မတူညီခြင်းနှင့် အချင်းချင်းယုံကြည်မှုအားနည်းခြင်းများ ရှိနိုင်သည်ကို သိမြင်သောကြောင့် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) နှင့် လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးပူးတွဲ ကော်မတီ (J-OSH) တို့မဖွဲ့စည်းခင် အချိန်တွင် ၎င်းတို့အား သီးခြားစီ ပို့ချသင်ကြားပေးခဲ့သည်။

ILO-GIP သည် စွမ်းရည်ရှေ့ဆောင်အဖွဲ့ (CBI) နှင့်ပူးပေါင်း၍ အပြန်အလှန်ဆွေးနွေးပြောဆိုခြင်း သင်တန်း၊ Converge Safety နှင့်ပူးပေါင်း၍ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်ကျန်းမာရေးသင်တန်း၊ Care International Myanmar နှင့်ပူးပေါင်း၍ လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု ကာကွယ်ရေးနှင့်ဖြေရှင်းရေးသင်တန်းတို့ကို ဖွင့်လှစ်ခဲ့သည်။ ILO-GIP အနေဖြင့် အပြန်အလှန် ဆွေးနွေးပြောဆိုခြင်းသင်တန်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်ကျန်းမာရေးသင်တန်းဖွင့်လှစ်ရန်အတွက် အချိန်နှင့် အရင်းအမြစ်များကို ပြည်တွင်းမှသင်တန်းဆရာများအား ILO သင်ရိုးညွှန်းတမ်းကို ဦးစွာသင်ကြားပေးခြင်းတွင် ရင်းနှီးမြှုပ်နှံခဲ့သည်။

ယခုဖြစ်ရပ်လေ့လာခြင်းသည် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်(၁၀)ဦးတို့၏ အတွေ့အကြုံများအပေါ် အခြေခံထားခြင်းဖြစ်သည်။ ဆွေးနွေးပွဲတွင် အလုပ်သမားကိုယ်စားလှယ် နှင့် အုပ်ချုပ်ရေးအဖွဲ့ကိုယ်စားလှယ် ဦးရေ အညီအမျှပါဝင်ခဲ့သည်။ တက်ရောက်ခဲ့သူများအားလုံးသည် ILO-GIPစီမံကိန်းမှ ပံ့ပိုးပေးသော သင်တန်းကို တက်ရောက်ခဲ့ပြီးဖြစ်သည်။

† မြန်မာ့အလုပ်သမားဥပဒေ အရဖွဲ့စည်းထားသော စက်ရုံအဆင့် အလုပ်သမားသမဂ္ဂ





## ခံယူချက်သဘောထားများနှင့် အလေ့အကျင့်များ ပြောင်းလဲလာခြင်း

### လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်ကျန်းမာရေး မြှင့်တင်ခြင်း

လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်း တက်ရောက်ပြီးချိန်တွင် စက်ရုံတွင်းရှိ အန္တရာယ်ဖြစ်နိုင်ချေများကို သိမြင်လာပြီး ဖြေရှင်းလာနိုင်ကြောင်း တက်ရောက်သူများကပြောကြားခဲ့သည်။ အချိန်ကြာလာပါက အန္တရာယ်အသေးအဖွဲလေးသည်ပင် အလုပ်သမားများအတွက် အန္တရာယ်ကြီးကြီးမားမား ဖြစ်လာနိုင်ကြောင်းလည်း သတိထားမိလာခဲ့သည်။ ထို့ကြောင့် စက်ရုံများရှိ လုပ်ငန်းခွင်ဘေးအန္တရာယ်များကင်းရှင်းရေးနှင့် ကျန်းမာရေးပူးတွဲကော်မတီ(J-OSH)၏ ဖွဲ့စည်းပုံနှင့် အကျိုးသက်ရောက်မှုများမှာလည်း တိုးတက်ကောင်းမွန်လာသည်။ ထိုနည်းတူ သင်တန်းပေးခြင်းသည် နောက်ဆုံးအရေးပေါ်အခြေအနေတွင် အသုံးပြုရန် ကာကွယ်ရေးကိရိယာများ ထောက်ပံ့ပေးခြင်းကိုလည်း တိုးတက်စေခဲ့သည်။

> "သင်တန်းမှာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနဲ့ပတ်သတ်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို အသေးစိတ်သင်ကြားခဲ့ရတယ်။ အခုလက်ရှိမှာတော့ စက်ရုံရဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီမှာ ဌာနအားလုံးက ကိုယ်စားလှယ်တစ်ယောက်စီ ပါဝင်လာအောင် ပြုပြင်ဖို့ကြိုးစားနေပါတယ်။"

အလုပ်သမားကိုယ်စားလှယ်တစ်ဦး၏ ပြောကြားချက်အရ သင်တန်းပြီးဆုံးချိန်မှစပြီး ၎င်း၏စက်ရုံရှိ BLO သည် အလုပ်သမားများထံမှ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းမှု တိုးတက်ရေးနှင့်ပတ်သတ်သော အကြံပြုချက်များ ရရှိကြောင်းသိရသည်။

> "ဒါက စက်ရုံမှာ မျက်လုံးတွေအများကြီးရှိတာနဲ့တူတယ်။ အောက်ခြေက အလုပ်သမားတွေရဲ့အသံကိုရော သတင်းစကားတွေကိုရော သိဖို့ လွယ်ကူမြန်ဆန်လာတယ်။"

အုပ်ချုပ်ရေးအဖွဲ့ကိုယ်စားလှယ်တစ်ဦးမှလည်း ILO-GIP သင်တန်းပြီးဆုံးချိန်မှစပြီး လုပ်ငန်းခွင်ဘေးအေန္တရာယ်နှင့်ပတ်သတ်သော တုန့်ပြန်ချက် (feedback) များကို အလုပ်သမားများထံမှ ရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

> "အလုပ်သမားတွေက သင်တန်းတက်ရတော့ သူတို့ဆီက feedback တွေအများကြီးပြန်ရလာတယ်။ အလုပ်ခွင်ဘယ်နေရာကတော့ အန္တရာယ်ရှိနိုင်တယ်ဆိုပြီး လာပြောကြတယ်။ အဲ့လိုလာပြောကြတော့ အုပ်ချုပ်ရေးအဖွဲ့က ဘယ်နေရာကိုတော့ ပြုပြင်ဖို့လိုနေပြီ ဆိုတာသိရတယ်။ စက်ရုံမှာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ပတ်သတ်ပြီးတော့ လုပ်ဆောင်စရာတွေ အများကြီးရှိသေးတယ်ဆိုတာကိုလည်း သိခဲ့ရတယ်။"

### လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု ကာကွယ်ရေးနှင့်ဖြေရှင်းရေး

လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုသင်တန်းကို သင်တန်းသားများအားလုံးက သဘောကျကြသည်။ ၎င်းတို့၌ သင်တန်းမတက်ခင်အချိန်တွင် ယခုအကြောင်းအရာနှင့် ပတ်သတ်ပြီး ဗဟုသုတ လုံလုံလောက်လောက်မရှိဟူ၍ သင်တန်းသားများကပြောကြားခဲ့သည်။ သို့သော် ယခုအခါ လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုများကို ပိုမို သိရှိလာပြီး ကိုင်တွယ်ဖြေရှင်းတတ်လာသည် ဟုလည်းပြောကြားခဲ့သည်။

> "အရင်က လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်တယ်ဆိုတာကို ကိုယ်ထိလက်ရောက်ဖြစ်မှ ဖြစ်တယ်လို့ထင်ခဲ့တာ။ အခုသင်တန်းတက်ပြီးမှ စကားနဲ့ရော စိတ်ပိုင်းဆိုင်ရာနဲ့ရော နှောက်ယှက်တာကပါ အကျုံးဝင်တယ်ဆိုတာ သိခဲ့ရတယ်။ ဒ့ါအပြင် လုပ်ငန်းခွင် ခွဲခြားဆက်ဆံမှု အမျိုးအစားတွေကို ဘယ်လိုကာကွယ်ရမလဲဆိုတာပါ သင်ကြားခဲ့ရပါတယ်။"

CARE Myanmar မှ လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများ ချမှတ်နိုင်ရန်အတွက် ပံ့ပိုးကူညီခဲ့ပြီး သင်ထောက်ကူပစ္စည်းများကိုလည်း ပေးအပ်ခဲ့သည်။

### အပြန်အလှန်ဆွေးနွေးပြောဆိုခြင်းကို မြှင့်တင်ဆောင်ရွက်ခြင်း

အပြန်အလှန်ဆွေးနွေးပြောဆိုခြင်း သင်တန်းအပြီးတွင် သင်တန်းသားများသည် တစ်ဖက်လူကို အလေးပေးနားထောင်ရမည်ကို ပိုမိုဂရုပြုမိလာကြသည်။ သင်တန်းသားများသည် ယခင်က စကားပြောရန်ကိုသာ အားသန်နေပြီး ပြဿနာများကို ဒေါသနှင့် ကိုင်တွင်ဖြေရှင်းခဲ့သည်များ ရှိကြောင်းကိုလည်း ပြောကြားခဲ့သည်။

> "အရင်တုန်းက ပြဿနာအရင်းအမြစ်ကိုမရှာဘဲ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် အပြစ်တင်ခဲ့ကြတယ်။ အခုတော့ တစ်ယောက်နဲ့တစ်ယောက် ပွင့်ပွင့်လင်းလင်းပြောဆိုဆွေးနွေးပြီး ပြဿနာကို ဘယ်လိုဖြေရှင်းရင်ကောင်းမလဲအတူတူ တိုင်ပင်ကြတယ်။ ပြဿနာတွေကို စနစ်တကျ အဆင့်ဆင့်ကိုင်တွယ်ဖြေရှင်းနိုင်လာပါပြီ။"

ယခုအချိန်တွင် သင်တန်းသားများသည် အချင်းချင်းရင်းနှီးပွင့်လင်းစွာပြောဆိုလာကြပြီး တစ်ဦးအခက်အခဲကို တစ်ဦးအလေးပေးနားထောင်လာကြသည်။ တက်ရောက်သူများပြောကြားချက်အရ ယခုလုပ်ပုံလုပ်နည်းသည် ပြဿနာကို ပိုမိုလွယ်ကူစွာဖြေရှင်းနိုင်ကြောင်းလည်းသိရှိရသည်။

> "နားထောင်တတ်တဲ့ စွမ်းရည်မြင့်လာတယ်။ ပုံမှန်ဆိုရင် ကျွန်မက စကားများပြီးတော့ သူများပြောတာကို သိပ်နားမထောင်ချင်ဘူး။ ကိုယ်ပြောရဖို့ပဲ စိတ်ကအားသန်နေတာ။ အခုတော့ သူများပြောတာကိုပါ နားထောင်တတ်အောင် လေ့ကျင့်နေတယ်။ သူတို့ပြောတာကို ကျွန်မ သဘောမတူရင်တောင် သူတို့လာပြောတဲ့ ပြဿနာအကြောင်းအရင်းကို စဉ်းစားဖြစ်လာတယ်။ ပြဿနာအရင်းအမြစ်ကိုကြိုးစားရှာကြည့်တယ်။"

စုပေါင်းဆွေးနွေးအရေးဆိုခြင်းနှင့် ပတ်သတ်ပြီး သိသင့်သည်များ၊ လုပ်ဆောင်ချက်များကိုလည်း လေ့လာသိရှိခဲ့ရကြောင်း သင်တန်းသားများက ပြောကြားခဲ့သည်။ သင်တန်းမှရရှိသော ဗဟုသုတများကို အလုပ်ရှင်နှင့် အလုပ်သမားများကြား ညှိနှိုင်းမှုများဆောင်ရွက်ရာတွင် လက်တွေ့အသုံးချလျှက်ရှိကြောင်းကို လည်း သိရသည်။

> "အုပ်ချုပ်ရေးအဖွဲ့ဝင်တွေရဲ့အခန်းကဏ္ဍက အလွန်အရေးပါ ပါတယ်။ အထူးသဖြင့် နိုင်ငံခြားသားပိုင်စက်ရုံတွေမှာဆိုရင် ပိုအရေးပါတယ်။ သူတို့က အလုပ်ရှင်နဲ့အလုပ်သမားကြား ဆက်သွယ်တဲ့နေရာမှာရှိနေတာဆိုတော့ ဘက်မလိုက်ဘဲ မျှမျှတတ ဆောင်ရွက်တတ်ဖို့လိုအပ်တယ်။ အပြန်အလှန်ဆွေးနွေးပြောဆိုခြင်းသင်တန်းက လက်တွေ့မှာ မျှမျှတတဆောင်ရွက်တတ်အောင် သင်ကြားပေးတယ်။ အဲ့တာကြောင့် လက်တွေ့မှာ အသုံးဝင်ပြီး စက်ရုံရဲ့အခြေအနေက ပိုကောင်းလာတယ်။"

သင်တန်းမှရရှိလာသော ဗဟုသုတများနှင့် ကျွမ်းကျင်မှုများကြောင့် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) အစည်းအဝေးများကို အကျိုးရှိရှိ ကျင်းပပြုလုပ်လာနိုင်ကြောင်း သင်တန်းသားများကပြောကြားခဲ့သည်။

> "အခုဆိုရင်ကျွန်တော်တို့က ကြီးတဲ့အမှု ငယ်အောင် ၊ ငယ်တဲ့အမှု ပပျောက်အောင် ဖြေရှင်းနိုင်လာတယ်။"

အပြန်အလှန် ဆွေးနွေးပြောဆိုခြင်း သင်တန်းသည် ပါဝင်တက်ရောက်သူများအတွက် လုပ်ငန်းခွင်တွင်သာမက ၎င်းတို့၏နေ့စဉ်ဘဝအတွက်ပါ အကျိုးရှိကြောင်းသိရှိရသည်။

> "အလုပ်ခွင်မှာတင်မကဘဲ နေ့စဉ်လူမှုဘဝမှာပါ ညှိနှိုင်းဆောင်ရွက်တဲ့အခါ ပိုအဆင်ပြေအောင် ဘယ်လိုလုပ်ရမလဲဆိုတာကို သိခဲ့ရတယ်။ ဒီမှာဆို ကျွန်မတို့ယဉ်ကျေးမှုအရ မိသားစုဝင်တွေကြားမှာ ညှိနှိုင်းဆွေးနွေးတာတွေလုပ်လေ့မရှိဘူး။ လူငယ်တွေက လူကြီးစကားကိုနားထောင်ရတယ်။ သားသမီးတွေကလည်း မိဘကို ပြန်မပြောရဲကြဘူး။ တကယ်တော့ ကျွန်မတို့အနေနဲ့ မျိုးဆက်သစ်လူငယ်တွေကို ညှိနှိုင်းတတ်အောင် သင်ပေးသင့်တယ်။ အားပေးသင့်တယ်။"

## ပူးပေါင်းသင်ကြားရေးမှတဆင့် ယုံကြည်မှုတည်ဆောက်ခြင်း

ပူးပေါင်းသင်ကြားချိန်များတွင် အုပ်ချုပ်ရေးအဖွဲ့နှင့် အလုပ်သမားကိုယ်စားလှယ်တို့သည် ပူပေါင်းလုပ်ဆောင်ကြရုံသာမက တစ်ဦးနှင့်တစ်ဦးလည်း ပိုမိုသိကျွမ်းခဲ့ကြသည်။ ပူးပေါင်းသင်ကြားခြင်းကို အလွန် နှစ်သက်ကြကြောင်းလည်း သင်တန်းသားများက ပြောကြားခဲ့သည်။ သင်တန်းသားများ၏ပြောကြားချက်အရ သင်တန်းတက်ရောက်နေစဉ် တစ်ဦး၏သဘောထားနှင့် ကိုယ်ရည်ကိုယ်သွေး ပင်ကိုယ်စရိုက်တို့ကို တစ်ဦးက နားလည်ခဲ့ကြသည်။ ထို့ကြောင့် ယခုအခါ အချင်းချင်း ပိုမိုယုံကြည်လာကြသည်။ လုပ်ငန်းခွင်ဆက်ဆံရေးပိုမိုကောင်းမွန်လာပြီး ရင်းနှီးကျွမ်းဝင်လာကြသည်။ ထို့အတွက် အုပ်ချုပ်ရေးအဖွဲ့နှင့် အလုပ်သမားကိုယ်စားလှယ်တို့၏ ဆက်ဆံရေး ပိုမိုချောမွေ့လာပြီး အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက အပြန်အလှန် ကူညီပေးနိုင်ကြသည်။

"သင်တန်းမှာ သင်ကြားတဲ့အကြောင်းအရာတွေ အကုန်လုံးက ကျွန်တော်တို့လိုအပ်တာနဲ့ကိုက်ညီပါတယ်။ အုပ်ချုပ်ရေးအဖွဲ့နဲ့ အလုပ်သမားကိုယ်စားလှယ်တွေလည်း အချင်းချင်းခင်မင်လာကြပြီးတော့ ဆက်ဆံရေးလည်း ပိုကောင်းလာကြတယ်။"



## စီမံကိန်း၏ အားသာချက်များ

- သင်တန်းခေါင်းစဉ်နှင့် ရည်ရွယ်ချက်မှာ အထူးကောင်းမွန်ပါသည်။ သင်တန်းပေးသူများသည် သင်ထောက်ကူစွည်းများနှင့် သင်ကြားရေးနည်းလမ်း အမြောက်အများကို အသုံးပြုခဲ့သည်။ သင်တန်းပေးသူများက ကာတွန်းရုပ်ပုံများကို အသုံးပြုကာ တစ်နေ့တာသင်ကြားပြီးသမျှ သင်ခန်းစာများကို အကျဉ်းချုပ်ပြောကြားပေးသည့်အတွက် သတင်းအချက်အလက်များကို မှတ်မိလွယ်ပါသည်။

- စီမံခန့်ခွဲရေးအဖွဲ့နှင့် အလုပ်သမားကိုယ်စားလှယ်များ အနေဖြင့် သင်တန်းတွင် အတူတကွနီးကပ်စွာ ပါဝင်ဆွေးနွေးရခြင်း၏ အကျိုးကျေးဇူးများကိုလည်း စိတ်အားထက်သန်စွာပြောကြားခဲ့ကြသည်။ ဤသင်တန်းသည် ၎င်းတို့အလုပ်တွင် ဆက်ဆံရေးတိုးတက်လာစေပြီး တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုတည်ဆောက်ရာတွင်လည်း အထောက်အကူပြုသည်။

- သင်တန်းမှ ရရှိခဲ့သော ဗဟုသုတများကြောင့် မိမိကိုယ်မိမိယုံကြည်မှုများ တိုးတက်လာပြီး အလုပ်ခွင်အပေါ် အကျိုးပြုမှုများကိုလည်း တိုးတက်စေသည်ဟု ပါဝင်ဆွေးနွေးသူများမှ ကောက်ချက်ချခဲ့သည်။

"အပြန်အလှန်ဆွေးနွေးပြောဆိုခြင်း (social dialogue)၊ စုပေါင်းညှိနှိုင်းဆွေးနွေးခြင်း (collective bargaining) နဲ့ တရားဥပဒေဆိုင်ရာ အမြင်ဖွင့်ခေါင်းစဉ်တွေက အရမ်းကောင်းတယ်။ သင်တန်းဆရာတွေက တောင်းဆိုတယ်ဆိုတဲ့စကားလုံးကို မသုံးဖို့နဲ့ ညှိနှိုင်းတယ်ဆိုတဲ့ စကားလုံးကို အစားထိုးသုံးတတ်ဖို့ သင်ပေးတယ်။ Brand ကုမ္ပဏီတွေဆိုရင်လည်း ဆန္ဒပြတဲ့စက်ရုံတွေ၊ အလုပ်သမားဆူပူအုံကြွတဲ့စက်ရုံတွေနဲ့ အလုပ်တွဲမလုပ်ချင်ကြဘူးဆိုတာတွေ သိလာရတယ်။ သင်တန်းမပေးခင်တုန်းက ဒါမျိုးတွေကို ကျွန်မတို့မသိခဲ့ကြဘူး။ ကိုယ်လိုချင်တာပဲတောင်းခဲ့ကြတာ။ ခုကျတော့ နှစ်ဖက်စလုံးအတွက် အကျိုးရှိတာကို စဉ်းစားတတ်လာတယ်။"

## စီမံကိန်း၏ ပြုပြင်ရန် လိုအပ်သော အချက်များ

- တစ်ခါတစ်ရံတွင် သင်တန်းအား ရန်ကင်းမြို့နယ်ရှိ ILO သင်တန်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။ ပါဝင်ဆွေးနွေးသူများအနေဖြင့် ဤသင်တန်းနေရာနှင့် ပတ်သက်၍ အခက်အခဲအနည်းငယ်ရှိခဲ့သည်။ သင်တန်းနေရာသည် ၎င်းတို့၏စက်ရုံများနှင့် အလွန်ဝေးသည့်အတွက် တက်ရောက်ရန် အဆင်မပြေကြောင်း ပြောကြားခဲ့သည်။ တစ်ခါတစ်ရံတွင် သင်တန်းနောက်ကျသဖြင့် သင်ခန်းစာအချို့ လွတ်သွားသည်များလည်း ရှိသည်။ သင်တန်းနေရာသို့ အကြိုအပို့ ပြုလုပ်ပေးခြင်း သို့မဟုတ် သွားလာရအဆင်ပြေသည့်သင်နေရာတွင် သင်ကြားပေးခြင်းက အနာဂတ်တွင် ဤပြဿနာကို ဖြေရှင်းနိုင်ပေလိမ့်မည်။

- ILO-GIP သင်တန်းတွင် အလုပ်သမားများ၏အချိန်ကို ရင်းနှီးမြှုပ်နှံရခြင်းကြောင့် ကုန်ထုတ်လုပ်မှုနှင့် ကုန်ထုတ်စွမ်းအားပေါ်တွင် ရေတိုသက်ရောက်မှုရှိခြင်းနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ရှိခဲ့သည်။ ပါဝင်ဆွေးနွေးသူတစ်ယောက်မှ "အလုပ်သမားတွေရဲ့ ဗဟုသုတတိုးတက်လာတယ်ဆိုရင်တောင် ကုန်ထုတ်လုပ်မှုမှာ သိသာတဲ့တိုးတက်မှု အမြဲရှိနေမှာ မဟုတ်ဘူး" ဟု မှတ်ချက်ပေးခဲ့သည်။

- လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး (OSH) သင်တန်းပြီးနောက် အလုပ်သမားအချို့သည် လုပ်ငန်းခွင်အတွင်း ဖြစ်နိုင်ခြေရှိသော ဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ထူးထူးကဲကဲ ကြောက်တတ်လာကြသည်။ ထို့အတွက် သင်တန်းအကြောင်းအရာအား ပြောင်းလဲမှုများ လုပ်သင့်ကြောင်း ပါဝင်ဆွေးနွေးအချို့မှ အကြံပြုထားသည်။ ဖြစ်နိုင်ချေရှိသည့် အန္တရာယ်ရှိမှုအဆင့်နှင့် ထိန်းချုပ်မှုများတွင် အလုပ်သမားများအနေဖြင့် ထိုဘေးအန္တရာယ်ကို သင့်လျော်စွာ တုံ့ပြန်နိုင်မှုအား သေချာစေရန်ဖြစ်သည်။

- ပါဝင်ဆွေးနွေးသူများသည် ၎င်းတို့၏ စက်ရုံများတွင် လုပ်ဖော်ကိုင်ဖက်များနှင့် လက်အောက်ငယ်သားများကို သင်တန်းအကြောင်းအရာများ မျှဝေနိုင်ရန် လက်ကမ်းစာစောင်နှင့် ပိုစတာများကို ပိုမိုရရှိလိုကြသည်။ ဤပေါင်းသင်းဆက်ဆံရေး သင်ထောက်ကူပစ္စည်းမျိုးသည် ပူးပေါင်းပါဝင်သည့် စက်ရုံများတွင် ကုန်ကျစရိတ်အနည်းဆုံးနှင့် သင်တန်းခေါင်းစဉ်၏ ရောက်ရှိမှုနှင့် အကျိုးသက်ရောက်မှုကို ဆပွားတိုးရန် အထောက်အကူပြုနိုင်သည်။

- သင်တန်း၏ အားသာချက်များထဲမှ တစ်ခုကို မီးမောင်းထိုးပြရလျှင် အနာဂတ်တွင် သင်တန်းအားလုံးကို စီမံခန့်ခွဲရေးနှင့် အလုပ်သမားကိုယ်စားလှယ်များကို တခါ တရံတွင်သက်သက်စီခွဲပေးမည့်အစား အမြဲတမ်းအတူတကွ ပေးသင့်ကြောင်း ပါဝင်ဆွေးနွေးသူများမှ အကြံပြုထားသည်။

- အချို့သော ပါဝင်ဆွေးနွေးသူများမှ ၎င်းတို့စက်ရုံများတွင် အလုပ်များလာ၍ အချိန်ပိုမရှိပါက သင်တန်းတက်ရောက်ရန် အခွင့်အရေးဆုံးရှုံးခဲ့ကြောင်း ဖြေကြားခဲ့သည်။ ၎င်းတို့အနေဖြင့် သင်တန်းချိန်အား လူတိုင်းအတွက် အဆင်ပြေအောင် စီစဉ်ရန် ခက်ခဲသည်ကိုလည်း နားလည်သော်လည်း လွတ်သွားသော သင်တန်းချိန်များကို ပြန်လည်ညှိနှိုင်းပြီး စီစဉ်ပေးစေလိုကြောင်းလည်း ပြောကြားခဲ့သည်။

- လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု တိုင်ကြားချက်များအတွက် ကျူးလွန်သူအား ရာထူးမှ ထုတ်ပယ်ရန် အမြဲမဖြစ်နိုင်ကြောင်းကို ပါဝင်ဆွေးနွေးသူများမှ ထောက်ပြခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဝန်ထမ်းစာချုပ်တွင် ထိုပြဿနာအတွက် နှုတ်ဖြင့် သတိပေးရန်သာ ပါရှိသောကြောင့်ဖြစ်သည်။ CARE မြန်မာမှ စက်ရုံများအား လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်ခြင်း မူဝါဒများကို ချမှတ်ရန် ပံ့ပိုးပေးသည်မှန်သော်လည်း ၎င်းတို့အနေဖြင့် ထိုအပြုအမူများကို လက်ခံနိုင်မှု အတိုင်းအတာလျော့နည်းစေရန်နှင့် ဖြစ်နိုင်ချေရှိသော စည်းကမ်းပိုင်းဆိုင်ရာ အရေးယူဆောင်ရွက်မှုများ ကောင်းမွန်စေရန်အတွက် ထောက်ပံ့ကူညီမှုနှင့် အားပေးတိုက်တွန်းမှုများ ထပ်မံလိုအပ်လျက်ရှိသည်။

## ပန်းတိုင်သို့ရောက်ရှိရန် အတူတကွ ဆောင်ရွက်ခြင်း

ပါဝင်ဆွေးနွေးများသည် ပိုမိုကောင်းမွန်သော ဆက်ဆံရေးနှင့် စီးပွားရေးလုပ်ငန်းနှင့်အလုပ်သမားများ၏ ရည်ရွယ်ချက်များကို အောင်မြင်အောင် ကူညီနိုင်ရန် အပြန်အလှန်ဆွေးနွေးပြောဆိုခြင်း (Social Dialogue)ကို အသုံးပြုကာ အလုပ်ရှင်နှင့်အလုပ်သမား ကြားညှိနှိုင်းရန် ဆုံးဖြတ်ထားကြသည်။ ၎င်းတို့အနေဖြင့် နိုင်ငံတကာကုန်အမှတ်တံဆိပ်Brand များသည် အလုပ်သမားအငြင်းပွားမှုနှင့် ဆူပူအုံကြွမှုတို့တွင် ပါဝင်ပတ်သက်မှုမရှိသော စက်ရုံများနှင့်အလုပ်လုပ်လိုကြောင်းကို သိရှိနားလည်ကြပြီဖြစ်သည်။ ယင်းမှာ စက်ရုံတွင် ပြဿနာတစ်စုံတစ်ရာဖြစ်ပါက ညှိနှိုင်းဆွေးနွေးမှုကို ဦးစားပေးဆောင်ရွက်ရန်အတွက် မက်လုံးတစ်ခုဖြစ်ပေသည်။

## လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများကို လျှော့ချခြင်း

ပါဝင်ဆွေးနွေးသူများသည် လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုနှင့် ခွဲခြားဆက်ဆံမှုများကို လျှော့ချရန် ပိုမိုခိုင်မာသော မူဝါဒများကို တွေ့မြင်လိုသည်။ ၎င်းတို့၏စက်ရုံများနှင့် အထည်ချုပ်ကဏ္ဍ နှစ်ခုစလုံးရှိ လက်ရှိလုပ်ဆောင်ချက်များကို အခြေခံကာ ထိရောက်မှုရှိသည့် နှစ်နာမှုတိုင်ကြားချက်ဖြေရှင်းရေး ယန္တရားကို အကောင်အထည်ဖော်ရန်လည်း ဖြစ်သည်။

## သင်တန်းခေါင်းစဉ်များကို ပိုမိုအသေးစိတ်လေ့လာခြင်း

လေ့လာမှုများအရ ပါဝင်ဆွေးနွေးသူများသည် စက်ရုံ၏ ကုန်ထုတ်စွမ်းအားနှင့် လုပ်ငန်းခွင်အခြေအနေ တိုးတက်ရန် ထပ်တိုးသင်တန်းများကို ရလိုသော ခိုင်မာသည့် စိတ်ဆန္ဒများရှိကြောင်း ဖော်ပြခဲ့ကြသည်။ ဤလေ့လာမှုတွင် ၎င်းတို့အနေဖြင့် အလုပ်သမားများ၏ တရားဝင်ရပိုင်ခွင့်များ၊ အငြင်းပွားမှု ဖြေရှင်းရေးနည်းလမ်းများ၊ ခွဲခြားဆက်ဆံမှု၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတို့ကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ပတ်သက်သည့် ပိုမိုလေးနက်သော သင်တန်းများကို တက်ရောက်ရန် အခွင့်အလမ်းရလိုကြောင်းပြောကြားခဲ့သည်။

## စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ညှိနှိုင်းခြင်း

ရာထူးကြီးပိုင်းရှိ စီမံခန့်ခွဲအုပ်ချုပ်သူများမှ စိတ်ဝင်စားမှုနည်းခြင်း သို့မဟုတ် ထောက်ပံ့မှု မလုံလောက်ခြင်းတို့ကြောင့် ILO-GIP သင်တန်းမှရရှိခဲ့သော ဗဟုသုတများကို တစ်ခါတစ်ရံတွင် လက်တွေ့အသုံးချရန် ခက်ခဲကြောင်း ပြောကြားခဲ့သည်။ စီမံခန့်ခွဲအုပ်ချုပ်ရေး ပုဂ္ဂိုလ်များအနေဖြင့် မူဝါဒများ ချမှတ်ရေးနှင့် လက်တွေ့အကောင်အထည်ဖော်ရာတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ပေးခြင်းဖြင့် ပဏာမခြေလှမ်းများကို ထောက်ပံ့ကူညီပေးစေလိုသည်။

> "စက်ရုံတွေ အကုန်လုံးမှာ သင်တန်းကသင်ပေးလိုက်တဲ့ ဗဟုသုတတွေကို လက်တွေ့အသုံးချနိုင်ရင် တကယ်ကို အကျိုးရှိမှာပါ။ အဲဒီလိုသာလုပ်နိုင်ရင် အေးချမ်းသာယာတဲ့လုပ်ငန်းခွင် ဖြစ်လာဖို့နဲ့ ကုန်ထုတ်စွမ်းအားတိုးလာဖို့ စွမ်းဆောင်နိုင်လာမှာ အသေအချာပါပဲ။"



"မြန်မာ့အထည်ချုပ်လုပ်ငန်းတွင် သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်နှင့် စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ငန်းခွင်ဆက်ဆံရေးများတိုးတက် ကောင်းမွန်စေခြင်း" ဆိုင်ရာ ILO-GIP စီမံကိန်း။ ILO-GIP စီမံကိန်းသည် အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် လုပ်ငန်းခွင်ဆက်ဆံရေး ( labor relations)၊ အပြန်အလှန်ဆွေးနွေးပြောဆိုမှု (social dialogue) နှင့် ကျားမ တန်းတူညီမျှမှုတို့ကို မြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု လျှော့ချရန်နှင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်အတွက် ရည်ရွယ်ပြီး ဆောင်ရွက်လျှက်ရှိသည်။ ယခုစီမံကိန်းကို ဆွီဒင်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ ( Sida)၊ Marks and Spencer နှင့် H&Mတို့မှ ပံ့ပိုးပေးသည့် ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိသည်။ စီမံကိန်းကို ၂၀၁၆ ဂျူလိုင်လမှ ၂၀၂၀ မေလအထိ ဆောင်ရွက်ခဲ့သည်။ သတင်းအချက်အလက်များ ထပ်မံသိရှိလိုပါက http://bit.ly/ilo-gip တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။